VERMONT
DEPARTMENT OF HEALTH

# ဆောင်းဥတု မုန်တိုင်းထန်မှုများ

ဆောင်းမုန်တိုင်းထန်နေစဉ် အေးခြင်း၊ လေထန်ခြင်း၊ နှင်းကျခြင်းတို့ဖြစ်နိုင်သည်။ ဆောင်းမုန်တိုင်းသည် နာရီအနည်းငယ်မှ ရက်ပေါင်းများစွာ အထိကြာရှည်နိုင်သည်။ လုံခြုံစိတ်ချမှုရှိစေရန် ဤလမ်းညွှန်ချက်များကိုလိုက်နာပါ။

လူတဦးဦး ထိခိုက်ဒါဏ်ရာ ရသောအခါ (သို့) ဘေးအန္တရာယ်နှင့် ကြုံတွေ့သောအခါ 9-1-1 ကိုသင်ခေါ်သလိုပင်၊ ရာသီဥတု ပြဿနာ ကဲ့သို့သော အခြား ပြဿနာများအတွက် အကူညီရနိုင်ရန် သတင်းအချက်အလက် ရရှိရေး အတွက် 2-1-1 ကိုခေါ်နိုင်ပါသည်။ သင့်ဖုန်းပေါ်တွင် 2-1-1 ကိုနှိပ်၍ သင်မည်သည့်ဘာသာစကားပြောသည်ကို ပြောပြပါ။ တစ်ယောက်ယောက်က သင့်ဘာသာစကားဖြင့် ဖြေကြားပါလိမ့်မည်။

**အစဉ်သင့်နေပါ။**

*ဆောင်းမုန်တိုင်း စောင့်ကြည့်ရေး* ဆိုသည်မှာ လာမည့် တစ်ရက်၊ နှစ်ရက်တွင် ပြင်းထန်သော ဆောင်းရာသီဥတု ရှိလာနိုင်ခြင်း ဖြစ်သည်။
*ဆောင်းမုန်တိုင်း သတိပေးချက်* ဆိုသည်မှာ ပြင်းထန်သော ဆောင်းရာသီဥတု လာနေသည် (သို့) ရောက်နေပြီကို ဆိုလိုသည်။
*ဆောင်းရာသီဥတု အကြံပေးချက်* ဆိုသည်မှာ ဆောင်းရာသီသည် ခက်ခဲခြင်း၏ ပြင်ပ (သို့) ဘေးအန္တရယ်ကြီးခြင်း သို့ တွန်းပို့ (သို့) ရောက်ရှိလာ နေခြင်းဖြစ်သည်။
*ပြင်းထန်သော ဆီးနှင်းမုန်တိုင်း သတိပေးချက်* ဆိုသည်မှာ ဆီးနှင်း နှင့် လေပြင်းတိုက်ခတ်မှုကြောင့် အပြင်ဖက်တွင် အလွန် ချမ်းစိမ့်ပြီး မြင်တွေ့ရန်ခက်ခဲလိမ်မည်ကို ဆိုလိုသည်။
*ဆီးနှင်းဖုံးအုပ်ခြင်း/အေးခဲခြင်း သတိပေးချက်* ဆိုသည်မှာ အပင်များနှင့် ကောက်ပဲသီးနှံများ ပျက်စီးနိုင်သည့် အေးခဲလောက်သော အပူချိန် ကျရောက်လာနေသည်ကိုဆိုလိုသည်။

**ရေဒီယိုကို နားစွင့်ပါ။**

- ရေဒီယိုဌာန ကိုနားစွင့်ပါ _______ သင့်ဘာသာစကားဖြင့် သတင်းအချက်အလက်အတွက်။ ဘာတွေဖြစ်နေသည်၊ သင်ဘာလုပ် ရမည် ဆိုသည်ကို သင့်ဘာသာစကားဖြင့် မကြားမချင်း နားထောင်နေပါ။
- ဘာတွေဖြစ်နေသည်၊ သင်ဘာလုပ် ရမည် ဆိုသည်ကို သိရှိနိုင်ရန် အင်္ဂလိပ်လို နားလည်သူ တဦးဦးအား ရေဒီယို နားထောင်ခိုင်းပါ။

**ဆောင်းမုန်တိုင်းထန်နေစဉ် လုံခြုံစိတ်ချအောင် နေပါ။**

**အိမ်တွင်၊ -**

- တတ်နိုင်ပါက အိမ်တွင်နေပါ။
- လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း ရှိကောင်းရှိမည်ဖြစ်သည်။ အိမ်ထဲမှ သင်မထွက်နိုင်ခြင်း ဖြစ်လာမည်ဆိုပါ စားသုံးနိုင်ရန် လုံလောက်သော ရေ နှင့် စားစရာ အသင့် ဆောင်ထားပါ။
- သင့်မှာ လက်ကိုင်ဖုန်းရှိပါက အားအပြည့် သွင်းထားပါ။
- အိမ်အပြင်ဖက်တွင် သုံးရသော သားငါးကင်သည့် မီးဖိုကို အိမ်အတွင်းမှာမသုံးပါနှင့်၊ ၎င်းတို့သည်မှ သင့်ကို အန္တရာယ်ပေးနိုင်သော ဓာတ်ငွေ့များထွက်လာခြင်း (သို့) သေစေခြင်းတို့ ဖြစ်နိုင်သည်။
- ပိုက်များအတွင်း အေးခဲသွားခြင်းမဖြစ်စေရန် သင့် ရေဆေးကန်များ နှင့် ရေချိုးကန်များအတွင်းသို့ ရေပိုက်ခေါင်းမှ ရေတစက်စက် ယိုကျနေပါစေ။
- သင့်အား အပူဓာတ်ပေးသည့် အရာများ ဘာတစ်ခုမျှမရှိတော့သည့်အခါ (သို့) အခြားသော အသည်းအသန် ပြဿနာများ သင့်အိမ်တွင်ဖြစ်လာပါက 2-1-1 သို့ဖုန်းခေါ်ပါ။

**အပြင်ဘက်တွင်၊ -**

- အပြင်ဘက်သို့ သင်ထွက်ရမည်ဆိုပါက၊ သင့်တစ်ကိုယ်လုံးကို ဖုံးလွှမ်းနိုင်မည့် နွေးထွေးစေသည့် အဝတ်အထည်များကို ဝတ်ဆင်ပါ။
- နွေးထွေးသော အဝတ်အထည် အထပ်ထပ် ဝတ်ဆင်ပါ။ ဦးထုပ်ဆောင်းပါ။ သင့်ပါးစပ်နှင့်နာခေါင်းကို လည်စီး၊ ခေါင်းစီးတို့ဖြင့် ဖုံးအုပ်ထားပါ။ သင့်ခြေဖဝါးများ ကိုခြောက်သွေ့အောင်ထားပါ။ သိုးမွှေးခြေအိပ်များ ဝတ်ဆင်ပါ။
- သင့်အရေပြား (သို့) ကိုယ်ခန္ဓာအစိတ်အပိုင်းများ အေးခဲနေခြင်းရှိမရှိ မကြာခဏစစ်ဆေးပါ။ အေးခဲနေသောအရေပြားတွင် အမြင်ခြားနားမှုရှိပြီး အာရုံခံစားမှုမရှိပါ၊ လုပ်ရှားမှုပြုရန်လည်း ခက်ခဲနိုင်ပါသည်။ သင့် အရေပြား (သို့) ကိုယ်ခန္ဓာအစိတ်အပိုင်းများ အေးခဲနေသည်ကိုသတိထားမိပါက အဆောက်အအုံအတွင်းသို့ဝင်၍ ဖြေးဖြေးခြင်း နွေးအောင်ပြုလုပ်ပါ၊ အေးခဲနေသော အစိတ်အပိုင်းကို မပွတ်ပါနှင့်။
- အပြင်ဘက်တွင် လမ်းလျှောက်သည့်အခါ သတိထားပါ၊ လူသွားလမ်းများအပေါ်တွင်ရေခဲနေပြီးခြေချော်နိုင်ပါသည်။

**ကား အတွင်းတွင်၊ -**

- သင်ကားမောင်းရမည် ဆိုပါက သတိထားမောင်းပါ၊ ဆီးနှင်းကျပြီး ရေခဲနေသော လမ်းများပေါ်တွင် ကားရပ်ရန်အချိန်ပိုကြာပါသည်။ ဖြေးဖြေးမောင်းပြီး သင့်ကားနှင့် သင့်ရှေ့မှကားကြား၌ အကွာအဝေး ပိုမိုထားပါ။
- ဆီးနှင်းကျထားသော (သို့) ရေခဲနေသော လမ်းပေါ်တွင် ညင်သာစွာ ဘရိတ်ဖမ်းပါ၊ သင့်ကားဘီး စ၍တန့်သွားပါက ဘရိတ်ကို ဖြေးဖြေးချင်း ပြန်လွှတ်ပေးပါ။
- အခြားကားများ သင့်ကိုမြင်သာစေရန် သင့်ကားမီးများကိုထွန်းထားပါ။
- ဆီမအေးခဲသွားစေရန် သင့်ကားဆီတိုင်ကီကို ပြည့်နေအောင်ထားပါ။
- အရေးပေါ် ထောက်ပံ့မှုများကို သင့်ကားထဲတွင်ထားပါ၊ - ခြံ့စောင်၊ လက်နှိပ်ဓာတ်မီး၊ လေကာမှန်ဆေးရာတွင်သုံးသည့် အရည်၊ လေကာမှန် ချစ်ထုတ်သည့် အရာ၊ ဘက်ထရီချိတ်ဆက်နိုးရန် ကေဘယ်လ်များ။ စားစရာနှင့် သောက်ရန် ရေ။
- လူသူနှင့်ဝေးရာတွင် သင့်ကား တစ်ပြီးရပ်နေပါက အကူအညီရယူနိုင်ရန် သင့်ကားကိုထားခဲ့ပြီးလမ်းလျှောက်မသွားပါနှင့်။ သင့်ကား အထဲတွင်နေ၍ အကူအညီစောင့်နေသည်က ပိုမိုစိတ်ချရပါသည်။ အပူဓာတ်ပေးထားရန်လိုအပ်ပါက ကားစက်၏ မီးခိုးထွက်ပေါက် တွင်ဆီးနှင်းများဖြင့် ပိတ်မနေစေရန် သေခြာပါစေ။ အနီးအနားတွင် မည်သူမျှမတွေ့ပါက ဖုန်းဆက်၍ အကူအညီတောင်းပါ။